# National Coalition Government of the Union of Burma

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

## (၁၁၆) ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားနေ့ ထုတ်ပြန်ကြေညာချက်

၁။ ခရစ် ၂၀၀၆ ခုနှစ်၊ မေလ (၁) ရက်နေ့သည် ကမ္ဘာ့အလုပ်သမားထုသမိုင်း၌ ဂုဏ်သတင်းအကြီးမြင့်ဆုံး မော်ကွန်းတင်အပ်သည့် (၁၁၆) ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားနေ့ဖြစ်ပေသည်။ အလုပ်သမားထုအပေါ် နှောင်ကြိုးအထပ်ထပ်တုပ်နှောင်ကာ အလုပ်သမားတို့၏ ရပိုင်ခွင့်ဟူသမျှ ဆုံးရှုံးနေကြရသည့် အခြေအနေဆိုးမှ လွတ်မြောက်စေရန် လွန်ခဲ့သော ၁၈၉၀ ခုနှစ်က အမေရိကန်အလုပ်သမားထုကြီးသည် အသက်ပေါင်းများစွာရင်းနှီးပေးဆပ်၍ တိုက်ပွဲဝင်ခဲ့ကြပေသည်။ ထိုတိုက်ပွဲ၏အကျိုးဆက်အဖြစ် ကမ္ဘာ့အလုပ်သမားတို့သည် ကျေးကျွန်များသဖွယ် ဘဝဆိုးများကိုလွန်မြောက်၍ အလုပ်သမားအခွင့်အရေးများ စတင်ရရှိခဲ့ကြပေသည်။ လူသား၏ဂုဏ်သိက္ခာနှင့် ညီမျှသော အလုပ်သမားအခွင့်အရေးများကို ယင်း မေလ(၁)ရက်နေ့အောင်ပွဲတွင် စတင်ရရှိခဲ့ကြသဖြင့် ထိုနေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် နိုင်ငံတကာက အသိအမှတ် ပြုခဲ့ကြခြင်းဖြစ်ပေသည်။ ဤသမိုင်းဝင်နေ့အခါသမယ၌ မြန်မာနိုင်ငံအတွင်းရှိ ကာယ၊ ဉာဏအလုပ်သမားအသီးသီး နစ်နာဆုံးရှုံးနေရသော ရပိုင်ခွင့်များနှင့်တကွ ဘဝလုံခြုံမှုအာမခံချက်ရရှိရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအနေဖြင့် အမြဲအလေးထား အားထုတ်လျက်ရှိကြောင်း ဦးစွာဖော်ပြအပ်ပေသည်။

၂။ ဖွံ့လုံ့လ ဝိရိယရှိ၍ လုပ်ငန်းကျွမ်းကျင်သောအလုပ်သမားများနှင့် သယံဇာတကုန်ကြမ်းများပေါကြွယ်ဝသည့် မြန်မာနိုင်ငံသည် နအဖစစ်အုပ်စု၏ လွဲမှားသောစီမံကိန်းများနှင့် ညံ့ဖျင်းသောစီမံကွပ်ကဲမှုများအောက်တွင်စီးပွားရေးအရ ဘက်ပေါင်းစုံမှ ယိုယွင်းကျဆင်းလျက်ရှိပေသည်။ အထူးသဖြင့် အလုပ်သမားများအား လူ့ဂုဏ်သိက္ခာနှင့်အညီ အသက်ရှင်နေထိုင်နိုင်ရေးအတွက် သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင်အခြေအနေများ၊ ရသင့်ရထိုက်သော အလုပ်သမားအခွင့်အရေးများ စီစဉ်ဆောင်ရွက်ပေးရန် နအဖစစ်အုပ်စုက လျစ်လျူပြုထားခြင်းကြောင့် အလုပ်သမားတို့လူမှုဘဝ လုံခြုံဖူလုံမှုလုံးဝဆုံးရှုံးနေကြရပေသည်။ ထို့ကြောင့် စစ်အာဏာအောက်တွင် ဝမ်းမဝခါးမလှသည့်အခြေအနေကို သည်းမခံနိုင်ကြတော့သဖြင့် မြန်မာအလုပ်သမားများသည် သိန်းနှင့်ချီ၍ နိုင်ငံရပ်ခြားဒေသများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြရသည့်အဖြစ်မှာ ဝမ်းနည်းဖွယ်ရာဖြစ်ပေသည်။ ယင်းသို့ မြန်မာ့လူသားအရင်းအမြစ်များ ယိုစီးဆုံးရှုံးနေရခြင်းအတွက် စစ်အုပ်စုတွင် လုံးဝတာဝန်ရှိပေသည်။

၃။ ဤကဲ့သို့ မြန်မာနိုင်ငံတွင် မြန်မာအလုပ်သမားများ၏ လူနေမှုဘဝ လုံခြုံမှုမရှိဖြစ်ရခြင်းမှာ ဒီမိုကရေစီအခွင့်အရေးတရပ်ဖြစ်သော အလုပ်သမားသမဂ္ဂများဖွဲ့စည်းခွင့်ကို စစ်အာဏာဖြင့်ပိတ်ပင်တားဆီးခြင်း ခံနေရသဖြင့်ဖြစ်ပေသည်။ အလုပ်သမားသမဂ္ဂများ ဖွဲ့ခွင့်မပြုသော်လည်း စစ်အာဏာဖြင့် ကြိုးဆွဲရာကနေရသော ကြံ့ခိုင်ဖွံ့ဖြိုးအသင်းထဲသို့မူ အလုပ်သမားများမှာ အတင်းအဓမ္မ သွတ်သွင်းခံနေရပေသည်။ ထိုအသင်းသို့မဝင်ပါက အလုပ်လုပ်ပိုင်ခွင့်များပင် ဆုံးရှုံးနေရပေသည်။ အလုပ်ချိန်ပြင်ပ၌ နားနေခွင့်မရဘဲ၊ ထိုအသင်း၏ စစ်တပ်ထောက်ခံပွဲများသို့ ဆန္ဒမပါဘဲ လိုက်ပါနေကြရပေသည်။ အလုပ်သမားသမဂ္ဂများဖွဲ့ခွင့်မရသဖြင့် မြန်မာအလုပ်သမားများမှာ မိမိတို့ဆုံးရှုံးနစ်နာမှုများကို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်(ILO) သို့တင်ပြခွင့် ဆုံးရှုံးနေကြရပေသည်။ မြန်မာအလုပ်သမားများ၏ ယင်းနစ်နာချက်များ ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ က သန္နိဋ္ဌာန်ချမှတ်ထားပေသည်။

၄။ ကမ္ဘာ့အလယ်တွင် ရှက်ဖွယ်အကောင်းဆုံးဖြစ်ရပ်မှာ မြန်မာနိုင်ငံတွင် လူအများအား လုပ်အားခမပေးဘဲ အဓမ္မ အလုပ်ခိုင်းစေမှုကို ပြောင်ကျကျ ကျူးလွန်နေခြင်းပင်ဖြစ်သည်။ ဤသည်မှာ မြန်မာနိုင်ငံက သဘောတူလိုက်နာပါမည်ဟု လက်မှတ်ရေးထိုး အတည်ပြုထားသည့် ၁၉၃၀ ခုနှစ် ဇွန်လ (၂၈) ရက်နေ့စွဲပါ ILO ၏ (၁၄) ကြိမ်မြောက်ညီလာခံတွင်အတည်ပြု ပြဋ္ဌာန်းထားသည့် 'အဓမ္မ အလုပ်ခိုင်းစေခြင်းဆိုင်ရာ သဘောတူညီချက် အမှတ် ၂၉' ကို ကျူးလွန်ဖောက်ဖျက်ခြင်းဖြစ်ပေသည်။ ယင်း ကိစ္စနှင့်စပ်လျဉ်း၍ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် (ILO) ၏ အရေးယူဆောင်ရွက်မှုကြောင့် နအဖသည် ဝန်ခံအလျှော့ပေးခဲ့ရသော်လည်း ယခုတိုင် အဓမ္မအလုပ် ခိုင်းစေမှုများ ရှိနေဆဲဖြစ်ပေသည်။ ထိုသို့အဓမ္မခိုင်းစေမှုများကြောင့် မြန်မာနိုင်ငံသားအမြောက်အမြား တိုင်းပြည် ကိုစွန့်ခွာထွက်ပြေး ကြရသည် အထိ မဖွယ်ရာမှုများဖြစ်ပွားနေပေသည်။ ထို့ပြင် အရွယ်မရောက်သေးသော ကလေးသူငယ်များအား အလုပ်ခိုင်းစေနေခြင်းကိစ္စကို ဥပဒေဖြင့် ထိရောက်စွာအကာအကွယ်မပေးရုံမက၊ ကလေးသူငယ်များအား စစ်မှုထမ်းရန် အဓမ္မခိုင်းစေ နေမှုမှာလည်း အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း ကုလသမဂ္ဂအစီရင်ခံစာများအရ သိရှိရပေသည်။ ထိုသို့ အာဏာအလွဲသုံး အဓမ္မအလုပ်ခိုင်းစေမှုများ ကို အမျိုးသားညွန့်ပေါင်းအစိုးရအနေဖြင့် နိုင်ငံတကာနှင့် လက်တွဲ၍ အစဉ်တစိုက်ဆန့်ကျင် တိုက်ဖျက်သွားမည်ဖြစ်ပေသည်။

၅။ ယနေ့မြန်မာအလုပ်သမားများသည် စစ်အာဏာအောက်တွင် အလုပ်သမားရပိုင်ခွင့်များနှင့်တကွ လူသားဂုဏ်သိက္ခာကိုပါ ဆုံးရှုံးနေရပေသည်။ အလုပ်သမားမိသားစုများမှာ စားဝတ်နေရေးချို့တဲ့မှု၊ ကျန်းမာရေးချို့ယွင်းမှု၊ ပညာရေးနစ်နာဆုံးရှုံးမှု စသော ဒဏ်များကြောင့် ဆင်းရဲပင်ပန်းစွာ အသက်ရှင်ရပ်တည်နေရပေသည်။ ကျောင်းမနေနိုင်သောကလေးသူငယ်အများစုမှာ အလုပ်သမားတို့၏သားသမီးများဖြစ်နေပြီး၊ HIV/AIDS ရောဂါခံစားနေရသူ ရာခိုင်နှုန်းအများစုမှာလည်း အလုပ်သမားမိသားစုဝင်များ ဖြစ်နေပေသည်။ ဤသို့ဖြစ်ရခြင်းမှာ နအဖသည် အလုပ်သမားတို့၏ လူမှုဖူလုံရေးကိစ္စကို အရေးမထားဘဲ ကျန်းမာရေး နှင့် ပညာရေးအသုံးစရိတ်များကို မည်ကာမတ္တသာသုံးစွဲ၍ စစ်တပ်အသုံးစရိတ်ကိုမူ အဆမတန်သုံးစွဲနေခြင်းကြောင့်ဖြစ်ပေသည်။ ထို့ကြောင့် အလုပ်သမားတို့၏ လုပ်ငန်းခွင်အခြေအနေ ပိုမိုတိုးတက်ကောင်းမွန်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အသုံးစရိတ်များတိုးမြှင့်၍ ကာကွယ်ရေးအသုံးစရိတ်ကို လျှော့ချသင့်ပြီဟု ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရက သုံးသပ်မိပေသည်။

၆။ မျက်မှောက်ကာလမြန်မာနိုင်ငံတွင် အလုပ်သမားရပိုင်ခွင့်များအပါအဝင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများ ပြန်လည်သက်ဝင်ရှင်သန်လာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြသော ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (ILO)၊ ဥရောပသမဂ္ဂအဖွဲ့၊ နိုင်ငံတကာလွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ၊ အစရှိသော နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများအား ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက ဤ(၁၁၆)ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားနေ့တွင် အထူးကျေးဇူးတင်ရှိကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါ သည်။

၇။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအနေဖြင့် အလုပ်သမားတိုင်းအား လူ့ဂုဏ်သိက္ခာနှင့်အညီ အသက်ရှင်ရပ်တည်နေနိုင်ရေးအတွက် သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင်အခြေအနေများဖန်တီးပေးရေး၊ အလုပ်သမားတိုင်းအား တန်းတူညီမျှသောအခွင့်အရေးနှင့် လုပ်ခခံစားပိုင်ခွင့်များရရှိစေရေး၊ အလုပ်သမားတိုင်းအား လူမှုဖူလုံရေးနှင့် ဘဝလုံခြုံရေးအာမခံချက်ရရှိစေရန် ဥပဒေများပြဋ္ဌာန်း အကာအကွယ်ပေးရေး၊ အလုပ်သမားတိုင်းအား အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့်စည်းရုံးခွင့် အတွက် အာမခံချက်ပေးရေး အစရှိသည့် အခြေခံအလုပ်သမားရပိုင်ခွင့်များနှင့်တကွ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်(ILO) ကသတ်မှတ်ပြဋ္ဌာန်းထားသော အလုပ်သမားအခွင့်အရေးများကိုပါ ရရှိခံစားနိုင်ကြစေရန် အထူးဝါယမစိုက်ထုတ်ဆောင်ရွက်သွားမည်ဟု ဤ(၁၁၆)ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားနေ့တွင် ကတိပြုအပ်ပါသည်။

၈။ ယနေ့မြန်မာ့နိုင်ငံရေးအခြေအနေမှာ (နအဖ)စစ်အုပ်စုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)နှင့် လုံးဝတွေ့ဆုံဆွေးနွေးမည်မဟုတ်ကြောင်း ဧပြီ (၂၇) ကျိုင်းတုံသတင်းစာရှင်းလင်းပွဲတွင် တင်းမာစွာတုန့်ပြန်ထားကြောင်း တွေ့ရပေသည်။ မြန်မာနိုင်ငံ ပြည်သူလူထု လက်ငင်း ခံစားနေရသော ဘက်ပေါင်းစုံ ဒုက္ခ အကျပ်အတည်းများကို လက်တွဲဖြေရှင်းနိုင်ရန် (NLD) က ဖေဖော်ဝါရီ (၁၂) နှင့် ဧပြီ (၂၀)နေ့စွဲပါ အထူးကြေညာချက်တို့ဖြင့် 'အမျိုးသား ပြန်လည်သင့်မြတ်ရေး' သို့ဦးတည်ကာ အပျော့ပြောင်းအပြင်သာဆုံး တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းခဲ့ပေသည်။ (နအဖ)အနေဖြင့် လူထုအကျိုးကို အမှန်လိုလားပါက စစ်ဆင်ရေးအားလုံးရပ်စဲ၍၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ဥက္ကဋ္ဌ ခွန်ထွန်းဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးကာ ဒေါ်အောင်ဆန်းစုကြည်နှင့် စတင်ဆွေးနွေးရန်လိုအပ်ပေသည်။ ထို့ကြောင့် နအဖအနေဖြင့် အခြေအမြစ်ကင်းမဲ့စွာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို မတရားသင်းကြေညာရန် ကြံစည်နေမည့်အစား၊ အဖွဲ့ချုပ်၏ (၅၉)နှစ်မြောက် "ပြည်ထောင်စုနေ့အထူးကြေညာချက်" ကို လက်ခံစဉ်းစားရန် အချိန်အခါအားဖြင့် နောက်ကျခြင်း မရှိသေးကြောင်း တိုက်တွန်းလိုပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် (နအဖ)တို့အကြား နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခြင်း မှတဆင့် တိုင်းရင်းသားများပါဝင်သော 'သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ' ဖြစ်ပေါ်လာရေးအထိ ကြိုးပမ်းအားထုတ်ကြရေးသည် ယနေ့မြန်မာနိုင်ငံ၏ မရှိမဖြစ်သော ပဓါန နိုင်ငံရေး လိုအပ်ချက်ဖြစ်ပေသည်။

၉။ ထို့ကြောင့် အလုပ်သမားအခွင့်အရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးတိုက်ပွဲများတလျှောက် အသက်ပေးစွန့်လွှတ်သွားခဲ့ကြကုန်သော အလုပ်သမားသူရဲကောင်းအပေါင်းအား မှတ်တမ်းတင်ဂုဏ်ပြုလျက် ပြည်တွင်းပြည်ပရှိ အလုပ်သမားအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများနှင့်အတူလက်တွဲ၍ အလုပ်သမားအခွင့်အရေးများအပါအဝင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ပြည့်ဝစွာအာမခံသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာသည်အထိ၊ မဆုတ်မနစ် ဆက်လက်ကြိုးပမ်းအားထုတ်သွားမည် ဖြစ်ကြောင်း ဤ(၁၁၆)ကြိမ်မြောက်ကမ္ဘာ့အလုပ်သမားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက လေးနက်စွာ သန္နိဋ္ဌာန် ပြုအပ်ပေသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ**
ခရစ် ၂၀၀၆ ခုနှစ်၊ မေလ (၁) ရက်။
သက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း (၅)ရက်။